ရုပ်ပုံကားချပ်

International
Labour
Organization

# SCREAM

## ကလေးအလုပ်သမားကို ရပ်ပစ်

ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး
လမ်းကြောင်းများမှတဆင့်ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း။



# SCREAM

ကလေးအလုပ်သမားကို ရပ်ပစ်

## ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး လမ်းကြောင်းများမှ တဆင့်ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း။

## ရုပ်ပုံကားချပ်

ILO (အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့)

မူပိုင်ခွင့် - အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ၂၀၁၇
ပထမအကြိမ်ထုတ်ဝေခြင်း ၂၀၁၇
အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာရုံး၏ ထုတ်ဝေမှုကို အပြည်ပြည်ဆိုင်ရာမူပိုင်ခွင့်ရေးရာ သဘောတူညီချက် အမှတ် (၂)မှ အချက်များနှင့်အညီ ဆောင်ရွက်ထားပါသည်။ သို့သော်လည်း ထုတ်ဝေထားသည်များမှ ခွင့်ပြုချက်မရရှိဘဲ ကောက်နုတ်ဖော်ပြမှု များအတွက် ရင်းမြစ်ရယူရာနေရာကို ဖော်ပြ ရမည်ဖြစ်သည်။ ပြန်လည်ထုတ်ဝေခြင်း သို့မဟုတ် ဘာသာပြန်ဆိုခြင်းများအတွက် ILO ထုတ်ဝေခြင်းဆိုင်ရာဌာန (အခွင့်အရေးများနှင့်လိုင်စင်ဆိုင်ရာ)၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၊ CH -1211၊ ဆွစ်ဇာလန်သို့ လည်းကောင်း သို့မဟုတ် rights@ilo.org သို့ အီးမေးလ် ပို့၍ လည်းကောင်း လျှောက်ထားနိုင်ပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံးမှလည်း ထိုသို့ လျှောက်ထားမှုများကို ကြိုဆိုပါသည်။
ပြန်လည်ထုတ်ဝေခွင့်ဆိုင်ရာ ခွင့်ပြုချက်များရရှိထားသည့် စာကြည့်တိုက်များ၊ အဖွဲ့အစည်းများနှင့် အခြားသော မှတ်ပုံတင်ထားသူများ သည် ၎င်းတို့ကို ခွင့်ပြုထားသည့် ထုတ်ဝေခွင့်ဆိုင်ရာ လိုင်စင်ပါအချက်များနှင့်အညီ မိတ္တူပွား ဖြန့်ဝေရမည်ဖြစ်သည်။ သင်၏နိုင်ငံတွင် ရှိသော ပြန်လည်ထုတ်ဝေခွင့် ဆိုင်ရာ မူပိုင်ခွင့်များကို သိရှိနိုင်ရန်အတွက် www.ifrro.org သို့ဝင်ရောက်လေ့လာနိုင်ပါသည်။

---

IPEC
ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး လမ်းကြောင်းများမှတစ်ဆင့် ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း (SCREAM) - ပညာရေး ပစ္စည်းများ/ အပြည်အပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ် (IPEC) - မြန်မာ - ILO , ၂၀၁၇

ISBN: 9782-831294-2-92- (Print), 9789-831295-2-92- (Web PDF)

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ ILO အပြည်ပြည်ဆိုင်ရာ ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ်

အင်္ဂလိပ်ဘာသာဖြင့်လည်း ဖတ်ရှုနိုင်သည်။ Supporting children’s rights through education, the arts, and media (SCREAM): Education Pack (ISBN 9784-113240-2-92-), Geneva, 2002; အခြားသော ဘာသာစကား ၂၀ ဖြင့်လည်း ကြည့်ရှုနိုင်သည်။ http://www.ilo.org/ipec/Informationresources/WCMS_IPEC_PUB_1559/lang--en/index.htm.

ထုတ်ဝေမှုဆိုင်ရာအချက်အလက်များအတွက် ILO ၏ ကတ်တလောက်ထားရှိပုံ

## မှတ်စု

ဤစာစောင်သည် ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး လမ်းကြောင်းများမှတစ်ဆင့် ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း (SCREAM)- ပညာရေး ပစ္စည်းများဖြစ်သည်။ IPEC မှ ကလေးအလုပ်သမား ပပျောက်ရေးအတွက် လှုပ်ရှားမှုတိုးမြင့်ရန် အလို့ငှာ ဤထုတ်ဝေခြင်း၏ အပိုင်းအားလုံး သို့မဟုတ် ဘာသာပြန်ဆိုမှု သို့မဟုတ် ဆီလျော်အောင်ပြုပြင်ခြင်း၊ ထပ်မံထုတ်ဝေခြင်း၊ ပြန်လည်ပုံနှိပ်ခြင်းများပြုလုပ်ရန် တိုက်တွန်း ထားသည်။
ဤပညာရေး ပစ္စည်းကို အီတာလီ အစိုးရမှ ထောက်ပံ့ထားသည့် IPEC စီမံကိန်း INT/99/M06/ITA ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ၂၀၀၂ ခုနှစ်တွင် ထုတ်ဝေခဲ့ပါသည်။
မြန်မာဘာသာဖြင့်ထုတ်ဝေမှုအတွက် ရံပုံငွေကို အမေရိကန်နိုင်ငံ အလုပ်သမားရေးရာဌာန မှကျခံပါသည် (Project MMR/1310//USA)။
ဤထုတ်ဝေမှုသည် အမေရိကန်အလုပ်သမားရေးရာဌာန၏ မူဝါဒများ သို့မဟုတ် အမြင်ရှုထောင့်များ၊ အမေရိကန်အစိုးရမှ ထောက်ခံခွင့်ပြုထားသည့် ကုန်သွယ်ရေးအမည်နာမများ၊ စီးပွားရေးထုတ်ကုန်များ သို့မဟုတ် အဖွဲ့အစည်းများကို ညွှန်းဆို ထင်ဟပ်ဖော်ပြထားခြင်းမဟုတ်ပါ။

---

ILO ထုတ်ဝေမှုများတွင် ရွေးချယ်သတ်မှတ်ချက်ခန့်ထားမှုများမှာ ကုလသမဂ္ဂ၏ အစဉ်အလာ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး ထည့်သွင်းတင်ပြသည့် အကြောင်းအရာများသည်လည်း မည်သည့်နိုင်ငံ၊ ဧရိယာ သို့မဟုတ် နယ်ပယ် သို့မဟုတ် အာဏာပိုင်များ၊ ယင်းနိုင်ငံ၏ နယ်နိမိတ်အကန့်အသတ် တို့နှင့် သက်ဆိုင်သော ဥပဒေအကြောင်းခြင်းရာများ အပေါ်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ရုံး၏ ထင်မြင်ယူဆချက်များကို ညွှန်းဆို ဆောင်ရွက်ထားခြင်း မဟုတ်ပါ။
သုံးသပ်တင်ပြသည့် ဆောင်းပါးများ၊ လေ့လာမှုများနှင့် အခြားသော အကြံပြုဆွေးနွေးမှုများတွင် ပါရှိသည့် အယူအဆ ထင်မြင်ချက်များသည် ၎င်းတို့ကိုရေးသားသူများအပေါ်တွင်သာ လုံးဝသက်ဆိုင်တာဝန်ရှိပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ရုံးမှ ထိုဖော်ပြချက်များအပေါ်တွင် ထောက်ခံအကြံပြုခြင်း မပါဝင်ပါ။
စီးပွားရေးလုပ်ငန်းများနှင့် စီးပွားဖြစ်ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ လုပ်ငန်းစဉ်များ၏ အမည်များကို ကိုးကားဖော်ပြခြင်း များသည် ILO ရုံးမှ ထောက်ခံတင်ပြထားခြင်း မဟုတ်ဘဲ ထိုသို့သော စီးပွားရေးလုပ်ငန်းများ၊ ကုန်ပစ္စည်းများ၊ လုပ်ငန်းများ ၏အမည်များကို မဖော်ပြခြင်းသည်လည်း ထည့်သွင်းရန် သဘောမတူကြောင်း ပြသခြင်းမဟုတ်ပါ။
ILO မှထုတ်ဝေမှုများနှင့် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ထုတ်ကုန်များကို အကြီးစား စာအုပ်ရောင်းဝယ်သူများနှင့် ဒစ်ဂျစ်တယ် နည်းပညာ ဖြန့်ဝေမှု ပလက်ဖောင်းများမှ တဆင့် ရရှိနိုင်ပြီး ilo@turpin-distribution.com မှလည်း တိုက်ရိုက် မှာယူ ရရှိနိုင်ပါသည်။ အချက်အလက်များပိုမိုရယူလိုပါက www.ilo.org/publns သို့မဟုတ် ilopubs@ilo.org သို့ဆက်သွယ်ပါ။

www.ilo.org/ipec သို့ဝင်ရောက်ကြည့်ရှုပါ

PDF ဖြင့်သာ ကြည့်ရှုနိုင်သည်။



**ဦးတည်ချက်။** ကလေးအလုပ်သမားတဦး၏ကိုယ်ရေးရာဇဝင်ကိုဖန်တီးပါ။ အကျယ်ချဲ့ရေးသားပါ။ ကျယ်ပြန့်သော ကမ္ဘာ့ကြီးအတွင်း ကလေးအလုပ်သမားနေရသည့် ဘဝကိုပုံဖော်ပါ။



**အကျိုးအမြတ်။** ကလေးအလုပ်သမားဆိုင်ရာဆွေးနွေးအဖြေရှာရမည့်ကိစ္စကို မိမိအရေးကိစ္စအဖြစ်ခံယူလာပြီး ကလေးအလုပ်သမားဆိုသည်ကို စိတ်လှုပ်ရှားစွာဖြင့်သိလိုစိတ်ပြင်းပြလာသည်။ ရုပ်ပုံလွှာ(များ) တွင်ပါသောကလေး (များ) အတွက် တာဝန်ယူရန်စဉ်းစားမိလာမည်။ လူ့အဖွဲ့အစည်းအတွင်းပြောင်းလဲမှုကို မည်သို့လုပ်ဆောင်ရမည်ဆိုသည့် မေးခွန်းကို မိတ်ဆက်ပေးသည်။



## အချိန်။

အတန်းချိန် (၄)ချိန်။ ပုံမှန်အားဖြင့် စာသင်ချိန် (၂)ချိန်ဆက် (၂)ခါ

## စေ့ဆော်မှု။

ပေါင်းစပ်ရုပ်ပုံကားချပ်လုပ်ငန်းစုကို လုပ်ခဲ့ပြီးပြီဆိုလျှင် ကမ္ဘာကြီးအနေဖြင့် ကလေးအလုပ်သမားဆိုသည်ကို ဂရုမစိုက်ဘဲ ယင်းသည်ရှိနေသောအရာမဟုတ်ဟု ဟန်ဆောင်ငြင်းဆိုရန် မည်မျှလွယ်ကြောင်းသင့်အုပ်စုအား ပြခဲ့ပြီးဖြစ်မည်ဖြစ်သည်။ ဤသည်ကိုလုပ်ခြင်းဖြင့် ၎င်းတို့တွင်မျှော်လင့်ချက်များ၊ ယင်းမှာလိုအင်ပေါ် ထွက်လာရန်လုပ်ခဲ့ပြီးဖြစ်မည် ဖြစ်သည်။ "ဟုတ်ပြီလေ" ဟု ၎င်းတို့ဖာသာ ၎င်းတို့ပြောနေကြမည်ဖြစ်သည်။ "ကလေးအလုပ်သမားရှိတယ်။ ဒါပေမဲ့ သူတို့တွေ ဘာနဲ့တူမှန်းမသိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မဂ္ဂဇင်းနဲ့စာအုပ်တွေထဲမှာ မပါလို့ပေါ့။ ဘာနဲ့တူသလဲ"။ ယခုလုပ်ငန်းစုသည် ကလေးအလုပ်သမား ရုပ်ပုံဖော်ပြရန် ဦးတည်ပါသည်။

ဤလုပ်ငန်းစုမှ ပထမလုပ်ငန်း၏ရည်ရွယ်ချက်မှာ ကလေးအလုပ်သမားရုပ်ပုံမြင်တွေ့စေရေး ပြုလုပ်ရန်ဖြစ်သည်။ သင့်လတ်တလောပတ်ဝန်းကျင်တွင် ကလေးအလုပ်သမားများ ရှိနေနိုင်ပါသည်။ ထိုကလေးများနှင့်တွေ့ရန် သင့်အဖွဲ့အား ခေါ်သွားနိုင်ပါသည်။ သင့်အဖွဲ့ထဲမှအချို့အဖွဲ့ဝင်

### အသုံးပြုမည့်သူအတွက်မှတ်စု

ဤသင်ကြားမှုလုပ်ငန်းမှတ်စုများကို စနစ်တကျအသုံးချမည်ဆိုလျှင် ဤလုပ်ငန်းစုမစမီ ပေါင်းစပ်ကားချပ်လုပ်ငန်းစုကို ဦးစွာဆောင်ရွက်ရန်အကြံပြုပါသည်။ ပေါင်းစပ်ရုပ်ပုံကားချပ်သည်လည်း သတင်း အချက်အလက်များပေးရန် ရုပ်ပုံကားချပ်များအသုံးပြုပါသည်။ ထိုနှစ်ခုသည် တစ်ခုနှင့်တစ်ခုဆင်တူ သဖြင့် ပေါင်းစပ်နိုင်ပါသည်။ ကလေးအလုပ်သမားနှင့်ပတ်သက်သောအခြေခံစာရင်းအင်းနှင့် သတင်း အချက်အလက်ကိုအသုံးချခဲ့ရ (အခြေခံသတင်းအချက်အလက်လုပ်ငန်းစု) ပြီး အသိတရားတိုးမြှင့်ရေးလေ့ကျင့်ခန်း လုပ်ခဲ့ရပြီးလျှင် ဤလုပ်ငန်းစုအတွက်အသုံးဝင်မည်ဖြစ်သည်။



များသည် အတွေ့အကြုံရှိပြီးဖြစ်နိုင်သည်။ သို့မဟုတ် အတွေ့အကြုံရှိပြီး ၎င်းတို့အတွေ့အကြုံကို ဝေမျှနိုင်သောကလေးများကို သိရှိမည်ဖြစ်သည်။ အချို့နိုင်ငံများတွင် ယင်းကဲ့သို့အခြေအနေမျိုး မရှိနိုင်ပါ။ ထိုအခါ ရုပ်ပုံလိုလာပါသည်။ အုပ်စုအနေဖြင့် မြင်တွေ့၊ ထိကိုင်၍ရပြီး အသက်ဝင်လာအောင်လုပ်နိုင်သည့် ကလေးလုပ်လုပ်နေသည့်ပုံတစ်ပုံဖြစ်သည်။

သင့်အုပ်စုအား ကလေးအလုပ်သမားဆိုသည်ကို အပြင်းအထန်စဉ်းစားရန် ဤလေ့ကျင့်ခန်းက လုပ်ခိုင်းမည်ဖြစ်သည်။ ၎င်းတို့ကို စိန်ခေါ်ခြင်းဖြစ်သည်။ ရည်ရွယ်ချက်မှာ ကလေးအလုပ်သမားဆိုသည်ကိုပုဂ္ဂိုလ်ရေးအရ ၎င်းတို့အနေဖြင့် သိရှိရန်နှင့် နားလည်သဘောပေါက်ရန်ဖြစ်သည်။ ယင်းသည် လူရွယ်များ၏စိတ်လှုပ်ရှား ခံစားမှုများမှ စတင်လုပ်ဆောင်ပြီး ၎င်းတို့၏ အမျက်ဒေါသကို စတင်မွှေနှောက် ရသည်။ ၎င်းတို့အနေဖြင့် စိတ်လှုပ်ရှားခံစားရသည့်အတွေ့အကြုံမရရှိဘဲ ဤလေ့ကျင့်ခန်းကိုကျော်ခိုင်းထွက်သွားရန်ခက်ခဲမည် ဖြစ်သည်။

ဒုတိယအလုပ်သည် နောက်တဆင့်တက်သွားပြီး ကလေးနေထိုင်အလုပ်လုပ်သည့် ပိုမိုကျယ်ပြန့်သောပတ်ဝန်းကျင်ကို ဖော်ထုတ်ရပါသည်။ ကလေး၏သမိုင်းကြောင်းနှင့်အနာဂါတ်ကို စတင်ဖန်တီးရပါသည်။ နောက်ဆုံးအနေဖြင့် ပြောင်းလဲမှု နှင့်မည်သို့ ပြောင်းလဲရမည်ဆိုသည့် ဆွေးနွေးအဖြေရှာရမည့် အခြေအနေကိုလေ့လာကြည့်ရှုရမည် ဖြစ်သည်။

အုပ်စုထဲမှလူရွယ်အချို့သည် လူမှုရေးလုပ်ငန်းတမျိုးမျိုးကို ဆောင်ရွက်ခဲ့ဘူးပြီးဖြစ်မည်ဖြစ်ပါသည်။ ဥပမာ - တိုင်းပြည် ကာကွယ်ရေး၊ ကြက်ခြေနီတွင်လုပ်အားပေး၊ သက်ရွယ်ကြီးသူများအားစောင့်ရှောက်ရေး၊ သို့မဟုတ် မပြည့်စုံသည့် ကလေးများကို ကူညီခြင်း။ ယင်းကိစ္စရပ်အားလုံးတွင် တူညီသောအကြောင်းရပ်တစ်ခုရှိသည်။ အန္တရာယ်ကျရောက် လွယ်သောလူပုဂ္ဂိုလ်များ၊ အနိမ့်ခံများ၊ အပယ်ခံ သို့မဟုတ် မတော်မတရားပြုမူဆောင်ရွက်မှု တစုံတရာအဆင့်ထိခံရသူ သို့မဟုတ် အခြားပုဂ္ဂိုလ်များဖြင့် လုပ်ကိုင်ရမှုပါဝင်သည်။ ထို့ပြင် လူ့အဖွဲ့အစည်းဝင်တိုင်းတွင် ပြောင်းလဲရန်အတွက် အခန်းကဏ္ဍတစ်ခုတွင်ပါဝင်လုပ်ဆောင်ရန် လိုနေသည်ဆိုသည်ကို ယင်းတို့အားလုံးက ညွှန်ပြနေပါသည်။

ဤလုပ်ငန်းစုသည် ဉာဏ်ဖွင့်ဆွေးနွေးခြင်းနှင့်ပတ်သက်သော နည်းထူးကိုလည်း မိတ်ဆက်ပေးပါသည်။ လူပုဂ္ဂိုလ်များအား ၎င်းတို့၏စိတ်လှုပ်ရှားခံစားမှုနှင့် အယူအဆများကို အန္တရာယ်မရှိသောပတ်ဝန်းကျင်တွင် ဖော်ပြစေနိုင်သော အသုံးဝင်သည့် နည်းဖြစ်သည်။ ဉာဏ်ဖွင့်ဆွေးနွေးခြင်းသည် ပုံမှန်အားဖြင့်ကွယ်ဝှက်ထားတတ်သော ခံစားမှုများကို ဖော်ပြလာစေနိုင်ပါ သည်။ ယင်းသည် ကလေးအလုပ်သမားပပျောက်ရေးအတွက် လူရွယ်များစိတ်ရောကိုယ်ပါနှစ်မြှုပ်မှု ရှိလာစေရန် တွန်းအားပေးနိုင်သည်။

## သင်လိုအပ်မည့် အရာများ။



- ✓ ကလေးအလုပ်သမား ရုပ်ပုံပါသော ဓါတ်ပုံတစ်ပုံ သို့မဟုတ် ပုံနှိပ်ကူးယူထားသော ပုံတစ်ပုံ။
- ✓ အုပ်စု အလုပ် လုပ်ရန် အခန်းတစ်ခု။ အုပ်စုကြီးနေလျှင် အုပ်စုငယ်လေးများ ခွဲပြီး အခန်းအတွင်း အလုပ်လုပ်ရန် နေရာများ ခွဲပေးပါ။
- ✓ ရုပ်ပုံမိတ္တူ သို့မဟုတ် ပိုစတာတစ်ခု သို့မဟုတ် (၂)ခုသာ ရှိခဲ့လျှင် ယင်းတို့ကို ကပ်ရန် နံရံအလွတ်။
- ✓ အုပ်စုအနေဖြင့် မှတ်စုရေးရန် စာရွက်နှင့် မှင်တန်/ခဲတံ
- ✓ ရနိုင်လျှင် ကျောက်သင်ပုန်း/သင်ပုန်းဖြူ သို့မဟုတ် ရုပ်လှန်ကားချပ်



## ကြိုတင်ပြင်ဆင်ခြင်း။

ဤလုပ်ငန်းအတွက်ပြင်ဆင်ရန် ကလေးအလုပ်သမားရုပ်ပုံတစ်ခု သို့မဟုတ် အချို့လိုအပ်ပါမည်။ လှည့်လည်ပြသရန် မိတ္တူအလုံအလောက် ရှိရပါမည်။ (မိတ္တူကူးစက်မရှိလျှင် စိုးရိမ်စရာမရှိပါ။ ဤစာအုပ် အတွဲတွင်ပါသော ရုပ်ပုံ၏မိတ္တူတစ်စုံ သာရှိလျှင်လည်း ဤလုပ်ငန်းစုကိုဆောင်ရွက်၍ရသည်။) ဤစာအုပ် အတွဲထဲတွင်ကလေးအလုပ်သမားနှင့်ဆိုင်သော ရုပ်ပုံငယ်လေးများကို အပိုင်းအမျိုးမျိုးတွင် တွေ့ရမည်ဖြစ်သည်။



အခြားနည်းလမ်း အနေဖြင့် အခြား ရုပ်ပုံများကို အောက်ပါနေရာဌာနများတွင် ရှာဖွေနိုင်ပါသည်။

- ကွန်ပျူတာနှင့်အင်တာနက်ကိုသုံးစွဲနိုင်လျှင် အပြည်ပြည်ဆိုင်ရာကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ် ဝက်ဘ်ဆိုက် (www.ilo.org/public/english/standards/ipec/index.htm) တွင် ဓါတ်ပုံများပါသောအပိုင်းပါရှိ ပါသည်။ ယင်းတွင် ကလေးအလုပ်သမားရုပ်ပုံများပါရှိပါသည်။ သင်နှင့်ကိုက်ညီမည့် ဓါတ်ပုံတစ်ပုံကိုရှာဖွေပါ။ ထို့နောက်အင်တာနက်မှကူးယူပါ သို့မဟုတ် ကွန်ပျူတာအတွင်း ကူးယူထည့်ထားပြီး ပုံနှိပ်ထုတ်ယူပါ။ အင်တာနက်မှတိုက်ရိုက် ရုပ်ပုံကိုအရောင်ဖြင့် ထုတ်ယူနိုင်လျှင်ကောင်းပါသည်။ သို့သော် အဖြူအမဲဖြစ်နေလျှင် လည်း လက်ခံ၍ ရပါသည်။ အုပ်စုများအတွင်း အလုံအလောက် ဖြန့်ဝေရန် မိတ္တူများ ကူးပါ။



## အသုံးပြုမည့်သူအတွက် မှတ်စု

အပြည်ပြည်ဆိုင်ကလေးအလုပ်သမားပပျောက်ရေးအစီအစဉ်သည် "SCREAM" အတွက် အထူးဓါတ်ပုံများ ထုတ်လုပ်ထားပါသည်။ စီဒီရွမ်ဖြင့်ထုတ်လုပ်ထားပြီး "International Declarations on Conventions and Images of Child Labour" လုပ်ငန်းစုမျက်နှာဖုံးအတွင်းတွင် ထည့်ထားပါသည်။ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ်ရုံးတွင် တိုက်ရိုက်တောင်းခံနိုင်ပါသည်။ ဤစာအုပ်အတွဲမှ လိပ်စာအတိုင်း ဆက်သွယ်၍ စီဒီရွမ် တစ်စုံမှာကြားခြင်း သို့မဟုတ် ပုံနှိပ်ထားသော ရုပ်ပုံများကို တောင်းခံနိုင်ပါသည်။



- အိုင်အယ်လ်အိုတွင် အသုံးပြုနိုင်သည့် ကလေးအလုပ်သမား ပိုစတာများ ရှိပါသည်။
- အခြားအဖွဲ့အစည်းများဖြစ်သော ယူနီဆက်၊ ဂမ်းဂါလ်ဒ်, ယူနက်စကို သို့မဟုတ် ခရစ်ရန်အိဒ် တို့တွင် ဓါတ်ပုံများဌာန ရှိနိုင်ပါသည်။ ၎င်းတို့ဖြင့် ဆက်သွယ်၍ ရုပ်ပုံများ တောင်းခံနိုင်ပါသည်။

ရုပ်ပုံ(များ) ရွေးသည့်အခါ ထည့်သွင်းစဉ်းစားရမည့် အစိတ်အပိုင်းများမှာ

- လူငယ်များကိုအုပ်စုဖွဲ့သည့်အခါ လိင်၊ အသက်၊ ယဉ်ကျေးမှုတို့ကိုစဉ်းစားရမည်။ ယင်းအချက်သည် ၎င်းတို့ အကြိုက်ရုပ်ပုံများကို သင်ရွေးရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်သည်။ ဉပမာ - ယောကျာ်းလေး တစ်ယောက် မိန်းကလေးတစ်ယောက်ပုံများကို ရှာတွေ့သည် ဆိုပါစို့။ အာဖရိက၊ အာရှ၊ လက်တင်အမေရိက၊ သို့မဟုတ် ဉရောပကလား။ အဆိုးရွားဆုံးပုံသဏ္ဍာန်ဖြင့်အခိုင်းခံနေရသော ကလေးအလုပ်သမားရုပ်ပုံ (များ) ရှာတွေ့သလား။ ရုပ်ပုံအမျိုးမျိုးကိုအတော်များများရရှိရန်နှင့် အခြေအနေအမျိုးမျိုးတွင် သုံးစွဲနိုင်ရန် သင်စဉ်းစား မိမည်ဖြစ်သည်။
- အရည်အသွေးအတော်အတန်ကောင်းပြီး အသေးစိပ်ပါဝင်သည့် ရုပ်ပုံကိုရွေးပါ။ ယင်းသည် ကလေးအလုပ် သမားကို လူရွယ်များဖေါ်ထုတ်ရာတွင် အသုံးဝင်မည်ဖြစ်ပါသည်။ သူတို့ဘာလုပ်သနည်း။ ဘယ်ကလာသနည်း။ မိမိတို့ကိုယ်ပိုင် ကလေးတယောက်၏ပုံအဖြစ်ကို ဖန်တီးရန်ဖြစ်ပါသည်။ ဤသည်မှာ အလွန် အရေးကြီးပါသည်။
- သင့်တွင် စက္ကူနှင့်ခဲတံ အလုံအလောက် ရှိပါစေ။ အုပ်စုဝင်အများအပြားသည် ဤလေ့ကျင့်ခန်းနှင့် ပတ်သက်၍ ရေးမှတ်လိုခြင်းများ ရှိမည် ဖြစ်ပါသည်။ ရနိုင်လျှင် ရုပ်လုန်ကားချပ်များ သို့မဟုတ် ကျောက်သင်ပုန်း၊ သင်ပုန်းဖြူ တို့ကို သုံးပါ။ ယင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသည့်အခါ အသုံးပြုနိုင်သည်။
- အကယ်၍ ယင်းပစ္စည်းများရရှိရန် ခက်ခဲနေလျှင် မိမိတို့အိမ်သို့မဟုတ် မိမိတို့နေသည့်နေရာ၊ ပစ္စည်းပြန် ထုတ်လုပ်သည့်နေရာများ၊ သဘောထားကြီးသောလက်ကားများမှ စွန့်ပစ်ပစ္စည်းများ သို့မဟုတ် အခြားစီးပွားရေး လုပ်ငန်းများမှပစ္စည်းများရှာဖွေရာတွင် သင့်အုပ်စုထဲမှလူရွယ်များကို ပါဝင်ပါစေ။ ဤသို့ ပါဝင်ရသည့်အတွက် ၎င်းတို့သည်မိမိတို့အပိုင်ပစ္စည်းများ ဟုမှတ်ယူသွားနိုင်သည်။ စိတ်ဝင်စားပြီးတက်ကြွလာမည် ဖြစ်သည်။ ၎င်းတို့အနေဖြင့်ယင်းပစ္စည်းများကို ဘာကြောင့်လိုအပ်သည်ဆိုသည်ကို အလိုအလျောက် သိလိုစိတ်ပေါ်ထွက် လာမည်ဖြစ်သည်။

## အစပျိုးခြင်း



ဤလေ့ကျင့်ခန်းပထမပိုင်းတွင် ရုပ်ပုံပေါ်အခြေခံပြီး ကလေးအလုပ်သမားတစ်ဦး၏ ကိုယ်ရေးရာဇဝင်ပြုစုရသည့် အကြောင်း ပါဝင်ပါသည်။ အုပ်စုများအနေဖြင့် ၎င်းတို့၏ စိတ်ကူးပုံဖော်မှုနှင့် တီထွင်မှုတို့ဖြင့် တည်ဆောက် သည့် ရုပ်ပုံဖြင့် အစပြုရပါသည်။ မိမိတို့အနေဖြင့် ကိုယ်ရေးရာဇဝင်များ ဖန်တီးရေးသားပြီးသောအခါ အခြားအဖွဲ့များကို ပြရပါသည်။ မေးခွန်းများကို ဖြေကြားပြီး အထွေထွေ ဆွေးနွေးမှုတွင် ပါဝင်ရပါသည်။

### ရုပ်ပုံများ

ဤလုပ်ငန်းဆောင်ရွက်ရန် သင့်အနေဖြင့် ရွေးစရာနည်းလမ်း ၂ ခု ရှိသည်။ အုပ်စုအားလုံးအတွက် ရုပ်ပုံ တစ်ပုံကိုသာ ရွေးချယ်ပါမည်။ ထိုအခါအုပ်စုများသည် အချင်းချင်းလုပ်ထားသည့် အလုပ်များကိုနှိုင်းယှဉ်နိုင်ပြီး တစ်ဖွဲ့ချင်းစီ၏ ကိုယ်ရေးရာဇဝင်ကို နားထောင်ပြီး သင်ယူမှတ်သားနိုင်ကြပါသည်။ သို့မဟုတ် အုပ်စုတစ်ခုစီအား မတူညီသော ရုပ်ပုံကို ပေးနိုင်ပါသည်။ ထိုအခါ မတူကွဲပြားမှုကိုသင့်အနေဖြင့် အားပေးမှုပြုနိုင်ပြီး ကလေးအလုပ်သမားတွင် ပုံစံနှင့်အရွယ် အစားအမျိုးမျိုး ရှိနိုင်သည်ကိုလူရွယ်များအား သိစေနိုင်ပါသည်။ မည်သည့်နည်းလမ်းရွေးချယ်မည်ဆိုသည်မှာ သင့်အပေါ် နှင့် သင်ကြီးကြပ်ရသောအုပ်စုကို သင်မည်မျှ နားလည်သနည်း ဆိုသည့်အပေါ်မူတည်ပါသည်။

### အုပ်စုဖွဲ့ခြင်း။

သင့်အုပ်စုအရွယ်ပေါ်မူတည်ပြီး ၎င်းတို့အားလုံးကို တစ်စုတည်းထားခြင်း သို့မဟုတ် အုပ်စု ၄ ၊ ၅ စုခွဲထားခြင်း ပြုလုပ်နိုင် ပါသည်။ အုပ်စုတစ်ခုချင်းသည် ရုပ်ပုံမိတ္တူတစ်ခု အသေအချာ ရရှိစေပါမည်။



တစ်ဦးချင်းမလုပ်ဘဲ အုပ်စုလိုက်လုပ်ခိုင်းခြင်းသည်ပိုကောင်းရခြင်း မှာ လူရွယ်များသည် အရေအတွက်များအပေါ် ယုံကြည် အားထားမှုရှိ၍ ဖြစ်သည်။ ၎င်းတို့အနေဖြင့် တစ်ဦးချင်းကလေးအလုပ်သမား၏ မဖြစ်နိုင်သော ကိုယ်ရေးရာဇဝင်ကို ရေးရာတွင် စိတ်မသက်မသာ ခံစားရနိုင်ပြီး၊ နှစ်ယောက်မှ လေးငါးယောက်စုရေးရလျှင် အနည်းငယ် စိတ်သက်သာယာ ရစေနိုင်ပါသည်။

# လုပ်ငန်း ၁။ ကလေးအလုပ်သမားတစ်ဦး၏ ကိုယ်ရေးရာဇဝင်ရေးခြင်း

တကြိမ် (၂)ခါ သို့မဟုတ် သင်ကြားချိန် တကြိမ် (၂)ခါ

အုပ်စုတစ်စုစီအားရုပ်ပုံကို ၎င်းတို့အုပ်စုတွင်း အလှည့်ကျကြည့်ပါစေ။ အကယ်၍ အုပ်စုတစ်စုစီအတွက်ပေးထားရန် မိတ္တူအလုံအလောက်မရှိခဲ့လျှင် ရုပ်ပုံကို အလှည့်ကျလှည့်ပတ်ကြည့်ရှုစေရမည်။ ထို့နောက် လေ့ကျင့်ခန်း ပြုလုပ်ချိန်တွင် မကြာခဏကြည့်နိုင်ရန် နံရံပေါ်တွင်ကပ်ထားရပါမည်။ အကယ်၍အုပ်စုတစ်စုချင်းစီအတွက် မိတ္တူတစ်ခုရရှိခဲ့လျှင် အားလုံး ကြည့်ပြီးသောအခါ ထိုပုံကိုအားလုံးကြည့်နိုင်ရန် အလယ်တွင် ထားရန်ပြောပါ။

အုပ်စုတစ်ခုချင်းစီသို့ အချိန်ယူ၍သွားပါ။ ရုပ်ပုံကို သေချာစွာလေ့လာရန် တိုက်တွန်းပါ။ ကလေးအကြောင်းစဉ်းစားရန် ပြောပါ။ ၎င်းတို့စိတ်ကူးကိုလွတ်လွတ်လပ်လပ်တွေးရန်နှင့်တီထွင်ဆန်းသစ်မှုကို အလျှင်မပြတ်စေရန်ပြောပါ။

ဤလေ့ကျင့်ခန်းတွင် အဆင့် (၂)ဆင့် ပါသည်။

## အခြေခံပုံကြမ်းတစ်ခု ချဲ့ထွင်ခြင်း

ပထမအဆင့်တွင်အုပ်စုအား ကလေးသည်မည်သူဖြစ်သည်ဆိုသည်ကို စဉ်းစားစေခြင်းဖြစ်သည်။ မည်သို့သော ပတ်ဝန်းကျင်တွင်နေထိုင်ပြီး မည်သို့သောအလုပ်မျိုးလုပ်နေသည်ကို စဉ်းစားရမည်။ အုပ်စုအနေဖြင့်မိမိတို့ကိုယ်မိမိတို့ပြန်မေးရမည့် မေးခွန်းများ ရှိနေနိုင်ပါသည်။ ယင်းတို့ကို တနေရာရာတွင်ရေးထားနိုင်ပါသည်။ ဖတ်ပြခြင်း သို့မဟုတ် စာရင်းကိုမိတ္တူကူးပေးနိုင်ပါသည်။ သို့သော်စာရင်းကို အလွန်အကျွံမပြုစုရန်နှင့်အချို့တဝက်ချန်ထားရန် အရေးကြီးသည်။ အုပ်စုများနှင့်တစ်ဦးချင်းအနေဖြင့် ၎င်းတို့ကိုယ်တိုင်မေးစရာရှိလာနိုင်၍ဖြစ်သည်။ သင့်အနေဖြင့် အသေးစိပ်မေးလွန်းလျှင်၊ ၎င်းတို့အားတွေးတောရန် လှုံ့ဆော်ပေးနိုင်မည်မဟုတ်ပါ။ ၎င်းတို့ကို ပျင်းလာစေရန်လုပ်သကဲ့သို့ ဖြစ်မည် ဖြစ်သည်။



မေးခွန်းများအပေါ် အခြေခံပြီး ကိုယ်ရေးရာဇဝင်ကို ရေးရန် အုပ်စုများကို တိုက်တွန်းပါ။ ဥပမာ -

- ကလေးသည် ယောကျ်ားလေးလား၊ မိန်းကလေးလား။
- အသက်ဘယ်လောက်ရှိပြီဟု ထင်သလဲ။
- မည်သည့်နိုင်ငံက လာသည်ဟု ထင်သလဲ။
- ကလေးသည် မြင်ရသည့်အတိုင်း အဘယ်ကြောင့်ဝတ်စားဆင်ယင်နေရသနည်း။

- ဘယ်နှစ်နာရီလဲ။
- မည်သည့်အခြေအနေမျိုးအောက်တွင် ကလေးအလုပ်လုပ်နေရသလဲ။
- မြို့ပေါ်လား၊ ကျေးလက်မှာလား။

အချို့အုပ်စုများသည် ကိုယ်ရေးရာဇဝင်ကို ဇာတ်ကြောင်းပြောခြင်း၊ မှတ်စုရေးခြင်း သို့မဟုတ် စိတ်ကူးပုံမျိုးဖြင့် အစပျိုးလို ပေမည်။ အချို့က ယင်းတို့၏ဦးနှောက်အတွင်း သရုပ်ဖော်လိုကြမည်ဖြစ်သည်။ သို့မဟုတ် အသေးစိပ်ရုပ်ပုံတစ်ခုဘေး တွင် အခြားပုံများဆွဲလိုကြပေမည်။ ကိုယ်ရေးရာဇဝင်ကို မည်သို့ဖန်တီးကြမည်ဆိုသည်မှာ အရေးမကြီးပါ။ မည်သည့်နည်း ဖြစ်စေ လက်ခံနိုင်ပါသည်။ လေ့ကျင့်ခန်းတလျှောက် ၎င်းတို့အားစကားပြော သတိပေးနေပါ။ စိတ်ဝင်စားမှုလျော့မသွားစေ ရပါ။

ပထမဆုံးမေးခွန်းအစုံကို၎င်းတို့ရရှိပြီး လေ့ကျင့်ခန်းလုပ်နေသည်ကိုလည်း သင်ကျေနပ်သည်ဆိုလျှင် ပုဂ္ဂိုလ်ရေးဆိုင်သော မေးခွန်းအသစ်များကိုထပ်စဉ်းစားခိုင်းပါ။ ဇာတ်ကောင်အကြောင်း ပို၍အနီးကပ်စတင် လေ့လာစေရပါမည်။

- ကလေး၏အမည်မှာ ဘာလဲ။
- ဤအလုပ်ကို လုပ်နေသည်မှာ မည်မျှ ကြာပြီလဲ။
- ကလေးတွင် မိဘများ၊ ညီအစ်ကို မောင်နှမများ၊ ခွေးလေးများ ရှိသလား။
- ကလေး၏ လူမှုရေး စီးပွားရေး အခြေအနေ မည်သို့ ရှိသနည်း။
- ကလေး အဘယ်ကြောင့် အလုပ်လုပ်နေသလဲ။
- ကလေး လုပ်နေသည့် အလုပ်သည် သူ၏ ယောက်ျားလေး၊ မိန်းကလေး ဖြစ်မှုနှင့် ဆိုင်သလား။
- ကလေးသည် ရိုက်နှက်ခံရ၊ လျစ်လျူရှုခံရ၊ လိင်ပိုင်းမတော်မတရား ပြုကျင့်ခံရ၊ လိင်ပိုင်းခေါင်းပုံဖြတ် ခံရ သို့မဟုတ် ဂရုစိုက်ခံရသလား။
- အလုပ်နှင့် အလုပ်ပြင်ပတွင် ကလေးတွင် မည်သို့သော မိတ်ဆွေ သို့မဟုတ် ရန်သူ ရှိသလဲ။
- ကလေးသည် အလုပ်မလုပ်ဘဲ ယခု ဘာလုပ်လိုပါသလဲ။
- ကလေးသည် အလုပ်နှင့် မပတ်သက်သော ဘဝအတွက် ရည်မှန်းချက် တမျိုးမျိုး ရှိပါသလား။ ကလေးဘဝတွင် အကြီးမားဆုံး ရည်မှန်းချက်မှာ အဘယ်အရာနည်း။

## ကိုယ်ရေးရာဇဝင် အသေးစိပ်





- ကလေးတွင် ဘာပိုင်ဆိုင်မှု တမျိုးမျိုး ရှိပါသလဲ။ ယင်းတို့ကို မည်သို့ ပိုင်ဆိုင်ခဲ့ပါသလဲ။
- ကလေး၏ အကောင်းဆုံး၊ အဆိုးဆုံး အမှတ်ရစရာများမှာ အဘယ်နည်း။

သင်သည်သင့်ပရိသတ်အားစိတ်ကူးနှင့် တီထွင်ကြံဆမှုနစ်မျိုးလုံးကို မေးမြန်းနေခြင်းဖြစ်သည်။ အစပိုင်းတွင် အနည်းငယ် ရှုံ့နေကြမည်ဖြစ်သည်။ "သူတို့နာမည် ဘယ်လိုသိနိုင်မှာလဲ။ ဘာသာစကားလည်းတူချင်မှတူမယ်။ သူတို့မှာ ဘာအရုပ် တွေရှိတယ်ဆိုတာ ဘယ်လိုသိနိုင်မှာလဲ။" စသည်ဖြင့် ပြောကြပေမည်။ ဤလေ့ကျင့်ခန်းသည် ယင်းအပိုင်းများနှင့် ဆိုင်ပါသည်။ ကလေးပုံသည် မည်သို့ရှိသည်ဆိုသည်မှအပ အခြားအရာများကိုၚင်းတို့မသိပါ။ ၚင်းတို့သည် ဇာတ်ကောင်ကို တန်ဆာဆင်ပေးရမည် ဖြစ်သည်။ ဘဝဖန်တီးပေး၊ အတိတ်၊ မိဘများကို ဖန်တီးပေးရမည်။ မလွဲမရှောင်သာအစပိုင်း ပြီးတွားပြီးသည့်အခါ ၚင်းတို့အနေဖြင့် အဆင်ပြေသွားမည်ဖြစ်ပြီး အလွန်ဆန်းသစ်သောကိုယ်ရေးရာဇဝင်ကို ရေးနိုင်မည် ဖြစ်သည်။

ဤရလာဒ်မျိုးကို သင်စောင့်မျှော်နေပါသည်။ အုပ်စုတခုမှတစ်ခုသွားသည့်အခါ ၚင်းတို့၏တိုးတက်မှုကိုစစ်ဆေးပါ။ ၚင်းတို့ ဆွေးနွေးနေသည်ကို နားထောင်ပါ။ သင့်အနေဖြင့်ထပ်ဖြည့်ပေးပါ။ ပျော်ပျော်ရွှင်ရွှင်ရှိရန် အားပေးပါ။ ၚင်းတို့စိတ်ကြိုက် ကိုယ်ရေးရာဇဝင်ကိုပြုစုနိုင်ကြောင်းအသိပေးပါ။ ကိုယ်ရေးရာဇဝင်ကိုအုပ်စုကြီးအားတင်ပြသည့်အခါ ၚင်းတို့အနေဖြင့် စိတ်ကူးအမျိုးမျိုးနှင့်ဆန်းသစ်မှုများဖြင့်တင်ဆက်နိုင်ရန် ကြိုးပမ်းသင့်ပါသည်။ ဥပမာ - တင်ဆက်မှုကို သရုပ်ဆောင်ပြခြင်း၊ ရုပ်ပုံများရေးဆွဲပြီး တင်ဆက်ခြင်း၊ ကျောက်သင်ပုန်း သို့မဟုတ်သင်ပုန်းဖြူသို့မဟုတ် ရုပ်လုန်ကားချပ်ပေါ်တွင် အသေးစိပ် ရှင်းလင်းပြင်ဆင်ပြီး တင်ဆက်ခြင်းဖြစ်သည်။

ပေးထားသည့်အချိန်ထက် အလွန်အကျွံမပိုပါစေနှင့် (မိနစ်၂၀ခန့်သည် လုံလောက်ပါသည်)။ ကိုယ်ရေးရာဇဝင်ကို ပေးထားသည့်အချိန်အတွင်းရေးပြီးရန်ဖိအားပေးပါ။ အချိန်တန်ပြီဟု သင်ထင်သည့်အခါ အထွေထွေဆွေးနွေးရန် အားလုံးကို စုစည်းပါ။

## ကိုယ်ရေးရာဇဝင်များ တင်ပြခြင်း။



ၚင်းတို့ဖန်တီးထားသော "သရုပ်သကန်" ကို အုပ်စုများက ပြောဆိုလိုကြမည် ဖြစ်ပါသည်။ အုပ်စုအမျိုးမျိုး၏ ၚင်းတို့ ကလေးအလုပ်သမားကိုယ်ရေးရာဇဝင်ကို သင်နှင့်ကျန်အုပ်စုဝင်များအား ဝေမျှရာတွင်အသက်ပါအောင် စီစဉ်ပါ။

အချို့အုပ်စုများက ၚင်းတို့ပြင်ဆင်ထားမှုများကို တင်ပြလိုသည်ဆိုလျှင် တင်ပြခွင့်ပေးပါ။ ဤတင်ဆက်မှုများ (ရှိခဲ့လျှင်၊ သို့သော်အမြဲရှိမည်မဟုတ်ပါ) သည် စိတ်ပေါ့ပါး သက်သာယာရစေပြီး တင်ဆက်သောအဖွဲ့နှင့် ပရိသတ်ကြား အပြန်အလှန်အလျင်အမြန် မှတ်ချက်ပေးနိုင်ခွင့်ကို ပေးစွမ်းနိုင်ပါသည်။ ယင်းကိုအတိုင်းအတာတစ်ခုအထိ ခွင့်ပြုပါ။ သို့သော်

တင်ဆက်မှုကိုအနှောင့်အယှက်ပေး၊ သေးသိမ်မှုမရှိစေရပါ။သင့်အနေဖြင့် ဆီလျော်သည်ဟုထင်ပြီး အုပ်စု လုပ်ငန်းကို လှုံ့ဆော်ပေးနိုင်သည်ဟုထင်လျှင် ယှဉ်ပြိုင်မှုလုပ်နိုင်သည့် အချက်များကို မိတ်ဆက်ပေးနိုင်ပါသည်။ ဥပမာ -

- ပို၍အသေးစိပ်ကျပြီး ဖန်တီးထားသော ကလေးအလုပ်သမား ကိုယ်ရေးရာဇဝင်ကို ဆုချီးမြှင့်နိုင်ပါသည်။ အုပ်စုများကို ဤပြိုင်ပွဲတွင် ဒိုင်လုပ်စေနိုင်ပါသည်။
- ကလေးအလုပ်သမား၏ ကိုယ်ရေးရာဇဝင်ကို သဘာဝအကျဆုံး တင်ပြနိုင်သူကို ဆုချီးမြှင့် နိုင်ပါသည်။

ကိုယ်ရေးရာဇဝင်များ၏ ချင်းရာသတ္တိများကို ကျောက်သင်ပုန်း၊ သင်ပုန်းဖြူ သို့မဟုတ် ရုပ်လှန်ကားချပ် ပေါ်ရေးချပါ။



ရုပ်ပုံတစ်ခုတည်းကို အုပ်စုတခုချင်းစီတွင်သုံးစွဲခဲ့လျှင် ကလေးအလုပ်သမားတယောက်၏ အထွေထွေကိုယ်ရေးရာဇဝင် ကို အားလုံးပေါင်း၍ ရေးရပါမည်။ တစ်ဖွဲ့စီမှအချက်အလက်အနည်းငယ်စီ ယူနိုင်ပါသည်။ ယင်းရုပ်ပုံအသက်ဝင်လာရန် ၎င်းတို့အားလုံးက အသက်သွင်းပေးခြင်းဖြစ်ကြောင်း၊ ၎င်းတို့အား နားလည်စေရပါမည်။ ဇာတ်ကောင်သည် အသက်ရှင်ပြီး အသက်ရှူ၊ လမ်းလျှောက်၊ စကားပြော၊ ခံစား၊ ရယ်မော၊ ငိုကြွေးမည် ဖြစ်သည်။

ဤအဆင့်သည် လူရွယ်များ၏ အသိတရားတိုးပွားရေးဆောင်ရွက် ရာတွင် အရေးကြီးသည့်အဆင့်တဆင့်ဖြစ်သည်။ ယခု အချိန်တွင် ကလေးအလုပ်သမား၏ ရုပ်ပုံလွှာကိုဆက်စပ်၍ ရနိုင်လောက်ပြီဖြစ်သည်။ ယင်းပုဂ္ဂိုလ်သည် သူတို့ထဲမှ တယောက်ပင်ဖြစ်သည်။ သူသည် သက်ရွယ်တူအုပ်စုဝင်တစ်ဦး ဖြစ်သည်။ မိတ်ဆွေတစ်ဦး၊ ၎င်းတို့မျှဝေခံစားနိုင်သူ တစ်ဦးဖြစ်ပါသည်။ ဤကလေးနေ့စဉ်ခံစားနေရသည့် နာကျင်မှု၊ လိုအပ်မှု၊ မပျော်ရွှင်မှုများကို စတင်နားလည်နိုင်ပြီ ဖြစ်သည်။ ယင်းသည် ပုဂ္ဂိုလ်ရေးအရ ခံစားလက်ခံသွားစေနိုင်ပြီး၊ လူရွယ်များအားအသိတရားနှင့် နားလည်သဘော ပေါက်မှုအသစ်များ ရရှိသွားစေနိုင်သည်။ ၎င်းတို့သည် ယခင်ကနှင့် တူနိုင်တော့မည် မဟုတ်ပေ။

ဆွေးနွေးမှု အဆုံးသတ်ရန်အတွက် စကားလမ်းကြောင်း ပစ်ရပါမည်။ အဆုံးသတ်ပြောဆိုခြင်း နည်းထူးကိုသုံးပါ။ ၎င်းတို့ ဖန်တီးခဲ့သည့်ကလေးအလုပ်သမားဘဝကို ရှင်းပြစဉ် သင့်ပရိသတ်၏မျက်လုံးများကို ကြည့်ပါ။ ထင်ဟပ်ဖော်ပြနိုင်စွမ်း ရှိပါစေ။ အုပ်စုတခုမှတခုသို့ ညင်သာစွာရွေ့သွားပြီး ခံစားနေရပုံပေါ်ရန် ဟန်ပန်လုပ်ပြရမည်။ ဤအပိုင်းသည် စိတ်ပျက် စရာကောင်းသောအပိုင်းဖြစ်သော်လည်း ကလေးအလုပ်သမားခံစားရမှု

အခြေအနေအရပ်ရပ်ကို ဖေါ်ပြခြင်းသာ ဖြစ်ပါသည်။ ဤသည်မှာ နစ်သက်ဖွယ်ရာမဟုတ်ပါ။ ယင်းသည် ကလေးများကို ထိခိုက်စေပြီး အသက်ပင် ဆုံးရှုံးစေသည်။ ၎င်းတို့၏ဘဝကို ဖျက်စီးပစ်ပြီး တန်ဖိုးအရှိဆုံး လူ့အခွင့်အရေးများကို ခါးမြတိုက်ခံရသည်။ ယင်းမှာလွတ်လပ်ခွင့် ဖြစ်သည်။

## လုပ်ငန်း ၂။ အခြေအနေ ဖန်တီးခြင်း

သင်ကြားချိန် တစ်ချိန်



ကလေးအလုပ်သမားများသည် သူတို့ချည်းသီးသန့်မနေပါ။ နာကျင်မှု၊ ပျော်ရွင်မှုကင်းမဲ့သောမှောင်မည်းနေသည့် ပင်လယ်၏အလယ်ခေါင်ရှိ ဝေးလံခေါင်သီသောကျွန်းပေါ်တွင်ပို့ခံထားရခြင်းလည်း မဟုတ်ပါ။ ၎င်းတို့အားလုံး ယခုဤနေရာတွင် ရှိနေကြပါသည်။ သူတို့သည် အိမ်နီးချင်းနိုင်ငံတွင် ရှိပါသည်။ နောက်ပြည်နယ် တစ်ခုတွင်ရှိပါသည်။ လမ်းချိုးလမ်းထောင့် သို့မဟုတ် ဘေးခန်းကပ်လျက် အခန်းတွင်နေထိုင်နေနိုင်ပါသည်။ အုပ်စုအနေဖြင့် ဤအချက်ကိုအသိအမှတ်ပြုရန် အရေးကြီးပါသည်။ ယင်းတို့သည်ဘာတခုမျှ ယုံတမ်းပုံပြင်သို့မဟုတ်အစစ်အမှန်မဟုတ်ဆိုသည်ကို သိရှိသဘောပေါက်ရန် လိုပါသည်။ ယခုအခါ ကလေးအလုပ်သမားကို ကမ္ဘာ့အခြေအနေထဲစတင် သွတ်သွင်းရပါမည်။ ပတ်ဝန်းကျင်၊ လူ့အဖွဲ့ အစည်း၊ ကမ္ဘာ့ရွာကြီး အတွင်း ဖြစ်သည်။

ကလေးအလုပ်သမား၏ဖြစ်ရပ်အမှန်ကို သိရှိပြီးသည့်အခါ လူငယ်များအနေဖြင့်ပြောင်းလဲမှုအတွက် လိုအပ်နေသည်ကို လည်းသိရှိရန်လိုပါသည်။ ဖြစ်ပျက်နေသောအခြေအနေကို လူတိုင်းအမျက်ထွက်ကာပြောင်းလဲမှုအတွက် တောင်းဆိုနေ ကြသည်ကိုသိရှိလက်ခံရန် လိုသေးသည်။

အောက်တွင်ဖေါ်ပြထားသည့် ဉာဏ်ဖွင့်ဆွေးနွေးရသည့်လေ့ကျင့်ခန်းများသည် ဤလုပ်ငန်းစုပထမပိုင်းတွင် ဖေါ်ပြထား သည့် ကလေးအလုပ်သမား(များ)၏ မရှိသောဘဝကိုထပ်မံဖေါ်ထုတ်စေရန် တိုက်တွန်းထားပါသည်။ ဤလုပ်ငန်းသည် ပျော်ရွှင်တက်ကြွဖွယ် ကောင်းပါသည်။ ပျော်ရွှင်ဖွယ်ရာကောင်းပြီး ဇာတ်ကောင်နှင့်ကိုက်ညီမှုရှိလိုမှုလည်းရှိမည် ဖြစ်သည်။ မည်သို့ဆိုစေ အုပ်စုတစ်ခုချင်းစီတွင် နားလည်သဘောပေါက်မှု အလင်းတန်းတစ်ခုဖြစ်ပေါ်လာစေနိုင်ပါသည်။ ယင်းမှာ ပြောင်းလဲမှုအတွက် ၎င်းတို့ ကိုဆော်ဩလုပ်ဆောင်လာစေခြင်း ဖြစ်သည်။

### ဉာဏ်ဖွင့်ဆွေးနွေးခြင်းဆိုသည်မှာ အဘယ်နည်း။

ဉာဏ်ဖွင့်ဆွေးနွေးခြင်းဆိုသည်မှာ ဖိအားပေးခံရသည့်အခြေအနေအောက်တွင် လူအများစု၏ စိတ်ကူး များကိုကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခြင်းဖြစ်သည်။ ဖိအားပေးခြင်းသည်အချိန်ကန့်သတ်ပေးထားခြင်း သို့မဟုတ် အခြားရုပ်ပိုင်းနှင့် စိတ်ပိုင်းကန့်သတ်မှုများသတ်မှတ်ပေးထားခြင်းဖြင့် ပြုလုပ်ပါသည်။ လူတို့၏စိတ်နှင့်ရုပ်တွင် ဖိစီးမှုပေါ်ထွက်လာစေပြီးပါဝင်သူများအား ၎င်းတို့၏တုန့်ပြန်မှုကို အတားအဆီးမရှိအလိုအလျောက် ပေါ်ထွက်လာစေခြင်းဖြစ်သည်။ ဖြစ်ရပ်အများအပြားတွင် ဤလေ့ကျင့်ခန်းသည် ရိုးသားပြီးစိတ်လှုပ်ရှားခံစားတုန့်ပြန်မှုများကို ပေါ်ထွက်စေပါသည်။ ဤတုန့်ပြန်မှုများသည် သိရှိနားလည် ထားရန်ကောင်းသောအရာများဖြစ်ပြီး အသိဉာဏ်ဗဟုသုတပိုမိုရရှိစေပါသည်။ သေချာစွာ စီမံကိုင်တွယ်ခဲ့လျှင်လွန်စွာအသုံးဝင်ပါသည်။

ဉာဏ်ဖွင့်ဆွေးနွေးခြင်းသည် အလေးအနက်ထားဆောင်ရွက်ရသည့်လေ့ကျင့်ခန်းတစ်ခုဖြစ်သည်။ ဖေါ်ပြခဲ့သည့်အတိုင်း ယင်းသည်အလွန်ပျော်စရာကောင်းပြီး အလွန့်အလွန်အသုံးဝင်ကာ သင်မသိသေး သောအရာများကို သိလာနိုင်ပါသည်။ မည်သို့ဆိုစေ သေချာစွာပြင်ဆင်မှုနှင့် စီစဉ်ထားမှုမရှိခဲ့လျှင် ရှုံးရင်းဆန်ခတ်ဖြစ်ပြီး အော်ဟစ်ဆူပူမှုဖြစ်ပွားသွားနိုင်သည်။ အကယ်၍ သင့်အနေဖြင့် ထိန်းချုပ်နိုင်ခြင်း မရှိ၊ ဘာမှပေါ်ထွက်လာမှုမရှိဟု လူရွယ်များကသိရှိသွားလျှင် သင့်အနေဖြင့်အခက်ကြုံရမည်ဖြစ်သည်။တွေးတောစဉ်းစားခြင်း၏ အခြေခံဗျူဟာမှာ ဦးစွာပေါ်ထွက်လာသောစိတ်ကူးများကိုရေးမှတ် ထားပြီးအရှိန်ရလာစေရန် လုပ်ရသည်။ တစ်ဦးချင်းစီအား အချိန်အကြာကြီးစဉ်းစားခွင့်မပေးရပါ။




## လုပ်ငန်းသတ်မှတ်ခြင်း။

အုပ်စုများသည် လုပ်ငန်း(၁)တွင် ဖွဲ့ခဲ့သော အဖွဲ့အတိုင်း ဖြစ်ပါစေ။ မူလကရခဲ့သော ကလေးအလုပ်သမားရုပ်ပုံကိုသာ ပြန်ပေးပါ။

အစီအစဉ်အစပိုင်းတွင် အချိန် (၁၀)မိနစ်ခန့်ပေးပါ။ လုပ်ငန်း(၁)တွင်ရေးထုတ်ခဲ့သော ကလေးအလုပ်သမားများ၏ ကိုယ်ရေးရာဇဝင်များကို ပြန်ပြောပြပါ။ ပုဂ္ဂိုလ်ရေးခံယူနိုင်ရေးနှင့် အားလုံးကိုပညာပေးသည့်အစီအစဉ်၏အစိတ်အပိုင်း အဖြစ်၊ ရုပ်ပုံများကိုပေးထားသောအမည်များကို သုံးစွဲရန်အရေးကြီးပါသည်။ လူရွယ်များအနေဖြင့် ယင်းတို့ကိုသုံးစွဲမည်ဖြစ်သည့်အတွက် အထူးသဖြင့် သင့်အနေဖြင့် ယင်းအမည်များကိုအသုံးပြုရန်အရေးကြီးပါသည်။ ၎င်းတို့ဖန်တီးထားသည့် စရိုက်နှင့် ကိုယ်ရည်ကိုယ်သွေးကိုသင်လက်ခံခဲ့လျှင် သင့်အနေဖြင့် ယုံကြည်မှုရှိသော ဆက်ဆံရေးတည်ဆောက်နိုင်ပြီ ဖြစ်သည်။

## ပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှု။

လေ့ကျင့်ခန်းနောက်တဆင့်သည် ကလေးအလုပ်သမားများ၏ဘဝ(များ) ကို ထိပါးစေသည့်အရာများသည် မည်သည့်တို့ ဖြစ်နိုင်သည်ကို စဉ်းစားရခြင်း ဖြစ်သည်။ အထူးသဖြင့်အုပ်စုအား ရပ်ရွာတွင်း၊ နိုင်ငံတော်၊ ဒေသ နှင့် အပြည်ပြည်ဆိုင်ရာ အဆင့်များတွင် မည်သည့်ပြောင်းလဲမှုများ ပေါ်ပေါက်ခဲ့သနည်းဆိုသည်ကို စဉ်းစားစေရပါမည်။ ယင်းအခြေအနေများ (ရှိခဲ့သည်ဆိုလျှင်) ရုပ်ပုံတွင်ပါသော ကလေး(များ)အပေါ် မည်သို့ အကျိုးသက်ရောက်နိုင်ကြောင်း စဉ်းစားစေရပါမည်။

ဤသို့လုပ်ဆောင်နိုင်ရန် သင့်အနေဖြင့်ပျော်ရွှင်ဖွယ်ရာနှင့် အလျင်အမြန်စဉ်းစားရသည့် ဉာဏ်ဖွင့်ဆွေးနွေးခြင်းကို သုံးစွဲရပါမည်။ ကလေးအလုပ်သမားများအပေါ် ကမ္ဘာ့အဝှမ်းပြောင်းလဲမှုများသည် မည်သို့ သက်ရောက်မှုရှိသည်ကိုသိရန် ပရိသတ်အားစဉ်းစားစေရန် တိုက်တွန်းလိုသည့် စိတ်ကူးဖြစ်ပါသည်။ ပြောင်းလဲမှုများသည် ကောင်းသည်၊ ဆိုးသည် သို့မဟုတ် မထူးခြား ဖြစ်နေပါသလား။

ထို့ကြောင့် ဤနောက်အဆင့်အတွက် သင့်အုပ်စုများအားရုပ်ပုံကို လွန်ခဲ့သော ၁ နှစ်၊ ၂ နှစ် သို့မဟုတ် ၃ နှစ် ဆီသို့ ခေါ်ဆောင်သွားသည်ဟု ထင်မြင်ယူဆခိုင်းပါ။ ယင်းအချိန်ခန့်တွင် ကမ္ဘာနှင့်အဝှမ်း မည်သည့်အဓိကအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့သည်ကို ၎င်းတို့လျင်မြန်စွာစဉ်းစားလာရပါမည်။ ယင်းတို့သည် ရုပ်ပုံထဲ တွင်ပါသောကလေးအလုပ်သမားများ အပေါ် မည်သို့အကျိုးသက်ရောက်မှုရှိနိုင်ခဲ့ သည်ကို စဉ်းစားစေရပါမည်။ ယင်းကို နည်းလမ်း(၂)သွယ်ဖြင့် ပြုလုပ်နိုင်သည်။

- ၎င်းတို့သည် ထိုအချိန် အတိုင်းအတာအတွင်း ဖြစ်ခဲ့သမျှကို စာရွက်ပေါ် ရေးချနိုင်ပါသည်။
- ၎င်းတို့အား ဖြစ်ပျက်ခဲ့သည်များကိုပြောပြစေပြီး အဖွဲ့တဖွဲ့ကကျောက်သင်ပုန်း၊ သင်ပုန်းဖြူ၊ ရုပ်လှန်ကားချပ် သို့မဟုတ် လက်ဝယ်ရှိထားသောမည်သည့်ပစ္စည်းပေါ်တွင်မဆို ရေးမှတ်ပါမည်။ ဤသို့ပြုလုပ်ခြင်းသည် လူရွယ် များအတွက် ပို၍ပျော်စရာကောင်းပြီး သက်ဝင်မှုရှိစေပါသည်။ ထို့ကြောင့် ၎င်းတို့၏စိတ်ဝင်စားမှု ပိုရစေပါသည်။



ယင်းအဖြစ်အပျက်များသည် စိတ်ကူးထဲတွင်ပေါ်လာနိုင်သော အရာတိုင်းနှင့်ကိစ္စရပ်တိုင်း ဖြစ်နိုင်သည်ကို အုပ်စုအား ရှင်းပြပါ။ အားကစား၊ ပြည်တွင်းစစ်၊ အဓိကဆန္ဒပြမှုများ၊ အရေးဆိုမှုများ၊ အရေးကြီးပုဂ္ဂိုလ်များ လည်ပတ်မှု၊ သဘာဝနှင့် လူတို့ပြုလုပ်သော ဘေးအန္တရာယ်များ၊ အရေးကြီးပုဂ္ဂိုလ်များသေဆုံးခြင်း အစရှိသည်ဖြင့် မဆုံးနိုင်တော့ပါ။



ဆွေးနွေးပွဲကို ၅ မိနစ် မှ ၁၀ မိနစ်ထိ သက်ဝင်လှုပ်ရှားစေရန်ထိန်းထားပါ။ လူတိုင်းပါဝင်ပါစေ။ ရှုပေါပေါ အကြံဉာဏ်များ ပေးပြီး ဟာသဖြစ်ရန်ပြုလုပ်ပါ။ လူရွယ်များ မစဉ်းစားမိနိုင်သည့်စိတ်ကူးအကြံဉာဏ်များလည်းပေးပါ။ ဥပမာ - စစ်ဖြစ်ခြင်း၊ အစိုးရ အပြောင်းအလဲ၊ အပြည်ပြည်ဆိုင်ရာအဓိကကွန်ဖရင့်များ အစရှိသည်တို့ဖြစ်သည်။

၎င်းတို့အရှိန်ကုန်သွားပြီးဟုသတိထားမိသည့်အခါ ဉာဏ်ဖွင့်ဆွေးနွေးခြင်းကိုအဆုံးသတ်ပါ။ ၎င်းတို့ရေးထားသောအဖြစ် အပျက်စာရင်းကို လူတိုင်းပြန်ကြည့်ရန် ပြောပါ။ အထွေထွေအားဖြင့် အဖြစ်အပျက်များအကြောင်း ပွင့်လင်းစွာဆွေးနွေးပါ။ ရုပ်ပုံ(များ)မှကလေးအလုပ်သမားများအပေါ် ယင်းအဖြစ်အပျက်များသည် အကျိုးသက်ရောက်မှုရှိမရှိ မည်သို့ထင်ကြောင်း မေးပါ။



- ယင်းအဖြစ်အပျက်ထဲမှ မည်သည့်အဖြစ်အပျက်မဆို ကလေးအလုပ်သမား(များ)၏ ဘဝကို အကောင်း အဆိုး ဖြစ်စေပါသလား။ မည်သို့ ဖြစ်စေပါသလဲ။ သို့မဟုတ် ဘာမှ ထူးခြားမှု မဖြစ်စေပါ။
- ရုပ်ပုံထဲမှ ကလေးသည် ယခုအခါ (၃)နှစ် ကြီးပြင်းလာပြီးနောက် ယခု ဘာလုပ်နေပြီဟု ထင်ပါသလဲ။
- ဤ(၃)နှစ်အတွင်း ကလေးဘဝ တနည်းနည်းဖြင့် ပြောင်းလဲလာခဲ့သလား။
- ကလေး ဆက်လက် အသက်ရှင်လျက် ရှိသလား။
- အလုပ်ဆက်လုပ်နေသေးလား။
- သူငယ်ချင်းများဖြင့် ကစားနေ သို့မဟုတ် မိသားစုဖြင့် အိမ်တွင် ရှိနေသလား။

ဤမေးခွန်းများကိုလည်းပတ်မေးမြန်းနေပြီး လိုအပ်သည့်အခါ သင့်အနေဖြင့်ဝင်ရောက်ကူညီဆွေးနွေးပါ။ ဆွေးနွေးသည့် အရှိန်ရလာသည်နှင့်အမျှ ကလေးအလုပ်သမားအရေးသည် စိတ်ပျက်ဖွယ်ကောင်းသည်ဆိုသည်ကို အုပ်စုအနေဖြင့် စတင် သတိထားမိလာမည်ဖြစ်သည်။ ယင်းကံဆိုးလှသည့်ကလေးများအတွက် ကမ္ဘာတွင်ပြောင်းလဲမှုဖြစ်စေသော အရာအနည်း ငယ်သာရှိသည်ကို သိရှိသဘောပေါက်လာမည်ဖြစ်သည်။ အလုပ်လုပ်ပြီးမရေရာသော ပိုကောင်းသည့်အနာဂါတ်ပိုင်ဆိုင် ရေးအတွက် ခက်ခက်ခဲခဲရုန်းကန်ကြသည်။ ၎င်းမှာအသက်ငယ်ငယ်တွင်ပင် ပျောက်ကွယ်သွားနိုင်ပါသည်။ သင်၏လူရွယ် ပရိသတ်သည်ယခုအခါ ထိရောက်သော ပြောင်းလဲမှုရှိရန် လိုအပ်သည်ကို သိရှိနားလည်လာပြီ ဖြစ်သည်။

ဤလုပ်ငန်းအတွက် ပြည့်စုံပြီဟု ယူဆလျှင် နောက်တဆင့် တက်ပါ။

## ပြောင်းလဲမှုအတွက် တိုက်ခိုက်ခြင်း။

ဤလုပ်ငန်းအတွက် နောက်ဆုံးလေ့ကျင့်ခန်းဖြစ်ပါသည်။ ဉာဏ်ဖွင့်ဆွေးနွေးခြင်း နည်းဖြင့်ပင် တဖန်ပြန်လည်စတင်ရမည်။ ဤနောက်ဆုံးအပိုင်း၏ဦးတည်ချက်မှာ ရုပ်ပုံ(များ)တွင်ဖေါ်ပြထားသော ကလေးအလုပ်သမား(များ)၏ ဘဝကိုပြောင်းလဲစေသည့်အရာများသည် မည်သည့်အရာများ ဖြစ်နိုင်သည်ကိုစဉ်းစားရန် ပရိသတ်အားတိုက်တွန်းရန်ဖြစ်သည်။



- မည်သည့် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အုပ်စုတစ်စုသည် ကလေးအလုပ်သမား၏ ဘဝကို တနည်းနည်း ဖြင့် ပြောင်းလဲသွားရန် မည်သည်များ လုပ်နိုင်ပါသနည်း။
- ကလေးဘဝ ပြောင်းလဲသွားရန် အုပ်စု၏အဖွဲ့ဝင်များ လုပ်နိုင်သော အရာများ ရှိပါသလား။
- တကယ့်ပြောင်းလဲမှုသည် ကမ္ဘာကြီးတွင် မည်သို့ ဖြစ်လာပါသလဲ။
- အခန်းတွင်းရှိ သက်ရှယ်တူ လူရွယ်အုပ်စုတွင်း ပြောင်းလဲမှု မည်သို့ ဖြစ်လာပါသလဲ။
- အုပ်စုနှင့်တစ်ဦးချင်းစီသည် ပြောင်းလဲမှုပေါ်ပေါက်ခြင်းသည် အရေးကြီးသည်ဟုထင်သလား။ အဘယ် ကြောင့်နည်း။

ယခင်နည်းလမ်းအတိုင်း ၅ မိနစ်မှ ၁၀ မိနစ်ခန့် လှုပ်ရှားတက်ကြွမှုရှိစေရန် ပြုလုပ်ပါ။ သို့သော်ယခုအကြိမ်တွင် သင့်အနေ ဖြင့်ဥက္ကဌအပြင် ကျောက်သင်ပုန်းနှင့်ရုပ်လုန်ကားချပ်ပေါ် ရေးမှတ်သူအဖြစ်ပါ ဆောင်ရွက်ရပါမည်။ ပြောဆိုတုန့်ပြန်မှုကို မြန်နိုင်သမျှမြန်စေရမည်။ အုပ်စုအားစဉ်းစားချိန်ကြာ ကာပေးထားလျှင် ၎င်းတို့သည်၎င်းတို့ ပေးသည့်မှတ်ချက်နှင့် ပြောဆို မှုများသည်မပြည့်စုံဟုယူဆပြီးဝင်ပြောရန် တွန့်ဆုတ်သွားမည်ဖြစ်သည်။ ဉာဏ်ဖွင့်ဆွေးနွေးသည့်အစီအစဉ်များတွင် လူပုဂ္ဂိုလ်များအထူးသဖြင့် လူရွယ်များ၏ပထမဆုံးတွေးတောစဉ်းစားမှုများသည် ရုပ်ပုံနှင့်ပတ်သက်သောအတွေးအမြင်သစ်များနှင့် ဆွေးနွေးမှုကို မည်သည့်ရှုဒေါင့်အသစ်မှ ဆွေးနွေးရမည်ကို ဖေါ်ပြနေသည်ကိုတွေ့ရမည်ဖြစ်သည်။

ပြီးဆုံးသွားပြီဟု အချက်ပြလျှင် အစီအစဉ်ကို မဆက်ရတော့ပါ။ ယင်းဆောင်ရွက်မှုနှင့်ပတ်သက်သော မှတ်စုကို ပြန်ချုံ့ပါ။ အုပ်စုမှ ပြန်လည်တင်ပြမှုကို ရယူပါ။

## ဆောင်ရန်များနှင့် ရှောင်ရန်များ။



- ကလေးအလုပ်သမားကိုယ်ရေးရာဇဝင် ဖန်တီးရေးသားသည့်အခါ အုပ်စုအား ၎င်းတို့စိတ်ကြိုက်တွေးတော စဉ်းစားစိတ်ကူးရန် တိုက်တွန်းအားပေးပါ။ အချို့သည်လေ့ကျင့်ခန်းကို အလေးမထားဘဲ ဝေဖန်မှုပြုနိုင်ပါသည်။ သို့သော် သက်ရှယ်တူအုပ်စု၏ ဖိအားပေးမှုရှိလာနိုင်ပါသည်။ အလေးအနက်ထားသူများက အလေးအနက် မထားသူများကို ကျော်ဖြတ်သွားမည်ဖြစ်သည်။ နောက်ဆုံးတွင်လေ့ကျင့်ခန်းကို အလေးထားလာကြမည် ဖြစ်သည်။



- သင့်အုပ်စုတွင်း လူရွယ်နှင့်ကလေးအလုပ်သမားများကို တမျိုးတည်းသတ်မှတ်မထားပါနှင့်။ ဥပမာ - အုပ်စုများ အတွင်းယောကျ်ားလေး၊ မိန်းကလေးများကိုခွဲမထားပါနှင့်။ ယော ကျ်ားလေးအုပ်စုအားခွန်အားဖြင့်အလုပ်လုပ် သောယောကျ်ားလေး ရုပ်ပုံများကိုပေးပြီး မိန်းကလေးအုပ်စုအားအိမ်မှုကိစ္စလုပ်နေသော မိန်းကလေးပုံများကို မပေးရပါ။ ယင်းသည် မှားယွင်းသောလမ်းကြောင်းဖြ ဖစ်နေသည်။ ယောကျ်ားလေး၊မိန်းကလေးရောထားရန် တိုက်တွန်းပါ။ မိန်းကလေးများသည်လည်း ခက်ခဲပြီးခန္ဓာကိုယ်အင်အား အသုံးပြုရသော အလုပ်များလုပ်ပါသည်။ ယောကျ်ားအငယ်အချို့သည် အချို့နိုင်ငံများ တွင် ပြည့်တန်ဆာအဖြစ် သွတ်သွင်းခံရသည်။
- အုပ်စုများကို မေးခွန်းအများအပြားပေးပြီး မဖြေစေရပါ။ ၎င်းတို့ကိုယ်တိုင်မေးခွန်းများကို စဉ်းစားရန်ပြောပါ။ ၎င်းတို့၏ စိတ်ကူးအရင်းအမှန် အမျိုးမျိုးထွက်လာနိုင်ပါသည်။ ယင်းသည် ၎င်းတို့ပါဝ င်မှုနှင့်စိတ်ဝင်စားမှုကို ပြသည့် ကောင်းသောလက္ခဏာပင်ဖြစ်သည်။
- လေ့ကျင့်ခန်းများတွင် အုပ်စုအဖွဲ့ဝင်အားလုံး တက်ကြွစွာ ပါဝင်လာရန် တိုက်တွန်းအားပေးပါ။
- ဉာဏ်ဖွင့်ဆွေးနွေးခြင်းတွင် စိတ်ထင်တိုင်းပါဝင်ဆွေးနွေးမှုပြုရန် တိုက်တွန်းအားပေးပါ။ ၎င်းတို့အား ပေ့ါပေ့ါပါးပါး နှင့်ပျော်ပျော်ပါးပါးရှိနိုင် သမျှရှိပါစေ။ ဤအပိုင်းသည်လူရွယ်များအတွက် စိတ်လှုပ်ရှားခံစားမှုနှင့် စိတ်ပိုင်းဆိုင်ရာ အလွန်ခံစားရစေနိုင်ပါသည်။ ထို့အတွက် ထွက်ပေါက်နှင့် စိတ်လက်ပေ့ါပါး မှုရှိစေရန် လိုအပ်ပါသည်။
- ဉာဏ်ဖွင့်ဆွေးနွေးခြင်းများအရှိန်ကိုဆက်လက်ထိန်းထား ပါ။ သင့်ပရိသတ်အား ဖိအားပေးထားမှ ၎င်းတို့သည် ကောင်းစွာလုပ်ကြမည်ဖြစ်သည်။ မေးခွန်းများကို အမြန်အဆန်မေးပြီး တယောက်ပြီးတယောက်ပြောင်းမေးပါ။ လူတိုင်းကို မေးရပါမည်။ ဘာမှမပြော နှုတ်ဆိတ်သူများအား တိုက်ရိုက်မေးခွန်းများမေးရပါမည်။

- ဆွေးနွေးမှုကိုအပြိုင်အဆိုင်အော်ဟစ်ပြောဆိုမှုဖြင့် ပုံမပျက်ပါစေနှင့်။ အချို့သည်လေ့ကျင့်ခန်းကို အခွင့်ကောင်း ယူကာ မိမိတို့ဒေါသ သို့မဟုတ် ခံစားမှုများကြောင့် အော်ဟစ်ပစ်ခြင်းပြုလုပ်တတ်ကြသည်။ သို့မဟုတ် ဟာသ ပြုလုပ်တတ်ကြသည်။ ဉာဏ်ဖွင့်ဆွေးနွေးခြင်းသည် စိတ်လက်ပေါ့ပါးပြီး ပျော်စရာကောင်းသည့်အရာ ဖြစ်ရမည်။ သို့သော်ယင်းသည် ကလေးအလုပ်သမားပြဿနာအရေးကြီးမှုနှင့် အတိမ်အနက်ကို အထင်သေးမှုမဖြစ်စေရပါ။ ထိန်းထိန်းသိမ်းသိမ်းရှိပါစေ။
- အပြင်းအထန်ဉာဏ်ဖွင့်ဆွေးနွေးခြင်းကို အချိန်တာရှည်စွာမပြုလုပ်ပါနင့်။ သင့်ပရိသတ်ကို အလျင်အမြန်ပင်ပန်း သွားစေပြီး သင့်အနေဖြင့် ဂရုမစိုက်ခဲ့လျှင် ထိန်းသိမ်း၍မရဖြစ်နိုင်သည်။
- အုပ်စုတက်ကြွမှုကို စောင့်ကြည့်နေပါ။ လူတိုင်းပါဝင်မှုရှိပါစေ။ ဆွေးနွေးအကြံပြုပြီး လေ့ကျင့်ခန်းများတွင် ပါဝင် အကြံပေးနိုင်ပါစေ။
- ပြန်လည်သုံးသပ်ခြင်းကို သေချာစွာလုပ်ပါ။ အုပ်စုကို ပွင့်လင်းစွာနှင့်လွတ်လပ်စွာ ပြောဆိုခွင့်ပေးပါ။ ၎င်းတို့အား လွတ်လပ်ပေါ့ပါးမှု ရှိပါစေ။

## အပြီးသတ် ဆွေးနွေးခြင်း။

သင်ကြားချိန် တစ်ချိန်



ဉာဏ်ဖွင့်ဆွေးနွေးခြင်းမှ အပြီးသတ်ဆွေးနွေးခြင်းကို တိုက်ရိုက်ပြုလုပ်ခဲ့မည်ဆိုလျှင် ယင်းကိုသက်တောင့်သက်သာဖြစ်ပြီး လူတိုင်းအနားရကာခွန်အားပြန်ပြည့်လာမည့်ပုံစံဖြင့်လုပ်ရပါမည်။ ထွေရာလေးပါးစကားပြောပါ။ မည်သည့်အရာ၊မည်သည့် ကိစ္စမဆို ၎င်းတို့ပြောလိုသည်ကို ပြောခွင့်ပေးပါ။ ကလေးအလုပ်သမားနှင့် ပတ်သက်ရန်မလိုပါ။ သို့သော် ယင်းအကြောင်း အဓိကပြောဆို ဖြစ်ကြမည်ကိုသာ တွေ့ရမည်ဖြစ်သည်

ဉာဏ်ဖွင့်ဆွေးနွေးစဉ်ကရှိနေသောအရှိန်သည် အနည်းနှင့်အများဆိုသလိုလျော့ကျသွားသည်ကို သင်သတိထားမိလာ လျှင် ဤကမ္ဘာကြီးတွင် ပြောင်းလဲမှုမည်သို့ဖြစ်လာရသည်ဆိုသည့်အကြောင်း ဆွေးနွေးအဖြေရှာရမည့်ကိစ္စကို မိတ်ဆက်ပေးပါ။ လူများ၊ ရပ်ရွာအဖွဲ့အစည်းတစ်ခုလုံးနှင့်ရပ်ရွာလူထုအားလုံး ပြောင်းလဲလိုသောဆန္ဒဖြစ်လာသောအခါပြောင်းလဲမှု စတင်ဖြစ်ပေါ်လာသည်ဆိုသည့်အကြောင်းရှင်းပြပါ။ ဤပြောင်းလဲလိုသောဆန္ဒသည် အရေးယူဆောင်ရွက်လိုမှုအဖြစ် ပြောင်းလဲသွားပြီးနောက် လက်တွေ့လုပ်ဆောင်လာသည်။

လူအများအပြားက တချိန်တည်းတွင်ပြောင်းလဲမှုကိုတောင်းဆိုေ
သာအခါ ပြောင်းလဲမှုဖြစ်လာပါသည်။ ယင်းမှာလူပုဂ္ဂိုလ် များက
၎င်းတို့၏ရပ်ရွာခေါင်းဆောင်များ၊ နိုင်ငံရေးသမားများ၊ အစိုးရများ၊
ဒေသနှင့်အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများကို ပြောင်းလဲရန်
တောင်းဆိုလာသည့်အခါဖြစ်သည်။ ရပ်ရွာလူထု၊ လူမှုအဖွဲ့အစည်းများ၊
အလှူရှင်များ၊ သမဂ္ဂများ၊ လူသားချင်းစာနာထောက်ထားသောအဖွဲ့များ
အစရှိသည်တို့က ကူညီပံ့ပိုးမှုရှိလာသည့်အခါ ပြောင်းလဲမှုရှိလာပါသည်။
ဤသို့လုပ်ဆောင်ရန် အချိန်၊ စေ့ဆော်မှု၊ နှစ်မြှုပ်မှု နှင့် လုပ်လိုမှုတို့လိုအပ်ပါသည်။

လူမှုအဖွဲ့အစည်းအတွင်း ပြောင်းလဲမှုအားလုံးသည်
တနေရာရာတွင်စတင်နိုင်ပါသည်။ လူရွယ်များဖြင့် စတင်နိုင်ပါသည်။
သမိုင်းတွင် ယင်းနှင့်ပတ်သက်သောဥပမာများ ရှိပါသည်။
ထို့ကြောင့်၎င်းတို့တွင်ရှိသော စုပေါင်းအင်အားကို နားလည်
သဘောပေါက်သင့်ပါသည်။ ကလေးအလုပ်သမားနှင့်ပတ်သက်၍
ကြိုးပမ်းမှုများကို သေချာစွာဆောင်ရွက်နေပြီဖြစ်သည်။ ဤကြိုးပမ်းမှုသည်
ကမ္ဘာအနှံ့မှလူရွယ်များ၏ပံ့ပိုးမှု လိုအပ်ပါသည်။ ၎င်းတို့၏ ဆောင်ရွက်မှုသည်
လူမှုအဖွဲ့အစည်းအတွင်း ရှိ အခြားအဖွဲ့များနည်းတူအရေးကြီးပါသည်။

၎င်းတို့၏အသိတရားမြင့်မားမှုသည် ကလေးအလုပ်သမားပပျောက်ရေး
လှုပ်ရှားမှု၏ ရှေ့ပြေးဖြစ်ပါသည်။ ၎င်းတို့သည် ရုပ်ပုံတခုကိုအသက်သွ
င်းပေးခဲ့ပြီး ယင်းသည်၎င်းတို့ဖြင့် အတန်ကြာရှိနေမည်ဖြစ်သည်။ သင်နှင့်
သင့်အဖွဲ့သည်အခြား လုပ်ငန်းစုများကိုဆက်လက်ဆောင်ရွက်သည့်အခါ ရုပ်ပုံသ
ည်အသက်ဝင်လာဦးမည်ဖြစ်သည်။ ၎င်းတို့၏ သိလိုစိတ်များကို နှိုးဆွပေးပြီးနောက်
ဘာဖြစ်လာမည်ကိုသိရန် ၎င်းတို့၏တက်ကြွမှုနှင့်နှစ်မြှုပ်မှု တိုးပွားလာရန်လုပ်ပါ။

## ဆန်းစစ်အကဲဖြတ်ခြင်းနှင့် နောက်ဆက်တွဲ စောင့်ကြည့်ခြင်း။

ဤလုပ်ငန်းစု၏ တိတိကျကျထွက်ပေါ်မှုရလာဒ်များအပြင်
စိတ်ပိုင်းဆိုင်ရာနှင့် စိတ်လှုပ်ရှားခံစားမှုပိုင်းဆိုင်ရာတို့ကိုလည်း တိုင်းတာပြီး
ယင်း၏အကျိုးသက်ရောက်မှုကို ဆန်းစစ်အကဲဖြတ်နိုင်သည်။



ပထမလုပ်ငန်း၏တိကျသောထွက်ပေါ်မှုမှာ ကလေးအလုပ်သမားများ၏
ကိုယ်ရေးရာဇဝင်များဖြစ်သည်။ အဖွဲ့တစ်ခုချင်းစီ သည် ရုပ်ပုံတွင်ပါသော
ကလေး၏ကိုယ်ရေးရာဇဝင်ကို ပြုစုရမည်ဖြစ်သည်။ ဤအပိုင်း၏အောင်မြင်မှုအတို
င်းအတာကို တိုင်းတာနိုင်သည့်အရာမှာ ကိုယ်ရေးရာဇဝင်၏အတိမ်အနက်နှင့် မည်
မျှအသေးစိပ်သနည်းဆိုသည့်ပေါ်မူတည်သည်။ ယင်းတို့သည်အုပ်စုတွင်ပါဝင်သော
လူရွယ်များက ကလေးကိုမည်မျှအထိမွေးစားခဲ့သလဲဆိုသည်ကို ဖေါ်ညွှန်းပါသည်။

ကိုယ်ရေးရာဇဝင်ကို ရှင်းလင်းဖော်ပြ၊ စိတ်ကူးနှင့်ဆန်းသစ်မှုဖြင့်ပြုစု ထားလေ၊ ထိုလူရွယ်များသည် ဤလေ့ကျင့်ခန်းကို အလေးအနက်ထားပြုစုပြီး ကလေးကိုင်းတို့ အကာအကွယ်ပေးထားလေပင်ဖြစ်သည်။

လုပ်ငန်း ၂ သည် ပို၍ရှင်းပါသည်။ ယင်း၏အကျိုးသက်ရောက်မှုကို ဆန်းစစ်အကဲဖြတ်နိုင်သောအချက်မှာ အုပ်စု၏ ဆွေးနွေးပွဲများတွင်မည်မျှအထိပူးေပါင်း ပါဝင်သနည်းဆိုခြင်းဖြစ်သည်။ အထူးသဖြင့် ဉာဏ်ဖွင့်ဆွေးနွေးခြင်းအပိုင်းတွင် ဖြစ်သည်။ သင့်ပရိသတ်သည် ကလေးအလုပ်သမားကိုယ်ရေးရာဇဝင်ကိုပြုစုသည့်အခါ မည်မျှစိတ်ဝင်စားလက်ခံသနည်း ဆိုသည်ကိုကြည့်နိုင်ပါသည်။ ယင်းတို့သည် လုပ်ငန်းစု၏လူရွယ်များအပေါ် မည်မျှ သက်ရောက်မှုရှိသည်ကို ဖော်ပြသည့် အဓိကအချက်များဖြစ်ပါသည်။

ဤလုပ်ငန်းစုသည် အသိတရားတိုးမြှင့်ရေးနှင့်ကလေးအလုပ်သမားကို ပုဂ္ဂိုလ်ရေးလက်ခံနိုင်ရေးတို့ ကြားဆက်စပ်မှု ဖြစ်ပါသည်။ ကလေးအလုပ်သမားဆိုသည်မှာလမ်းလျှောက်၊ စကားပြော၊ ခံစား၊ နာကျည်းတတ်သည့်လူသားအစစ်ဖြစ်သည့်ငယ်ရွယ်သောကလေးများ ပါဝင်သည်ဆိုသည့်ဆွေးနွေးအဖြေရှာရမည့်ကိစ္စများအပြင် အခြားအရာများပါဂင်သည် ဆိုသည်ကို နားလည်လက်ခံနိုင်ရေးအတွက် ဤလုပ်ငန်းစုကို စီမံပြုစုထားပါသည်။ ယင်းသည်သင့်ပရိသတ်အပေါ် ပြင်းပြင်းထန်ထန် သက်ရောက်မှုရှိစေပါသည်။ လူမှုအဖွဲ့ အစည်းအများအပြားတွင် လူ့အခွင့်အရေးချိုးဖေါက်မှုသည် အခြား နိုင်ငံသို့မဟုတ်ဒေသတွင်းရှိလူများတွင်သာဖြစ်သည်ဟု ထင်မှတ်ကြပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကမ္ဘာတွင်ဖြစ်နေသည့် အရာကိုမဆိုင်သလိုကြည့်နေနိုင်ပါသည်။ ဤလုပ်ငန်းစုသည် ကလေးအလုပ်သမားအရေး ဆွေးနွေးအဖြေရှာစရာ များနှင့် ပတ်သက်၍ လူရွယ်များခံစားမှုများကို ပြောင်းလဲစေရေး ကြိုးပမ်းမှုဖြစ်သည်။

ယခုအခါ ၎င်းတို့သည် အပြည်ပြည်ဆိုင်ရာကလေးအလုပ်သမားပပျောက်ေရးအစီအစဉ်ကို ၎င်း၏ကြိုးပမ်းမှုတွင် တခုခု ကူညီလုပ်ဆောင်ပေးလိုပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အုပ်စု၏အုပ်စုဝင်အသစ်အကြောင်းခံစားမှု ပြင်းထန်လာ၍ ဖြစ်သည်။ ဤလုပ်ငန်းစုတလျောက် ၎င်းတို့အာရုံစိုက်ခဲ့သည့်ရုပ်ပုံသည် လူတစ်ယောက်ဖြစ်လာပြီး အုပ်စုတွင်းမှအဖွဲ့ဝင် အဖြစ် သတ်မှတ်၍ရနိုင်ခဲ့သည်။

ဤလုပ်ငန်းစုကို သင့်စိတ်တိုင်းကျပြီးဆုံးခဲ့လျှင် နောက်လုပ်ငန်းစုကိုစပါ။ နောက်ဆက်လုပ်မည့်လုပ်ငန်းစုသည် သင်၏ အုပ်စုသိကြွမ်းခဲ့ပြီး ဂရုစိုက်ခဲ့သောကလေးအလုပ်သမား(များ)၏ရုပ်ပုံ(များ)ဖြင့်ဆက်လက်ဆောင်ရွက်ရန် ကျွန်ုပ်တို့ ထောက်ခံအကြံပြုပါသည်။ ဥပမာ - သရုပ်ဖော်ခြင်းလုပ်ငန်းစုတွင် သင်၏လူရွယ်များသည် ရုပ်ပုံများမှ၎င်းတို့ဖန်တီးထား သည့် ဇာတ်ကောင်များကိုအသက်သွင်းပေးမည်ဖြစ်သည်။ ၎င်းတို့၏ဘဝမှ ဖြစ်အပျက်များကို ထုတ်ပြီးသရုပ်ဆောင်ပြမည် ဖြစ်သည်။

ကလေးအလုပ်သမားကို ရပ်ပစ်

Fundamental Principles and Rights
at Work Branch (FUNDAMENTALS)

International Labour Organization
4 route des Morillons
CH-1211 Geneva 22 – Switzerland
Tel.: +41 (0) 22 799 61 11
Fax: +41 (0) 22 798 86 95

fundamentals@ilo.org - www.ilo.org/childlabour

@ILO_Childlabour



ISBN 978-92-2-831294-2